မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား

အမှတ်စဉ် ၇
အောက်တိုဘာ ၂၀၂၂

# သတင်းလွှာ



## ယန္တရား အကြီးအကဲထံမှ အမှာစာ

မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ အရှိန်အဟုန်ကြီးလာ သည့် အထောက်အထားများ တိုးလာလျက်ရှိသည်။ မည်သည့်တရားဥပဒေကိုမှ လေးစားလိုက်နာရန်မလိုဟု ယူဆသူများ၏ တာဝန်ခံမှု ကင်းမဲ့ခြင်းကြောင့် မြန်မာပြည်သူများ ဆက်လက်ဒုက္ခခံစားနေကြရသည်။ ၎င်းတို့ ဤကဲ့သို့ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့် အခြေအနေတွင်၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ လုပ်ဆောင်မှုသည် ယခင်ကထက်ပင်ပို၍ အရေးပါလာသည်။ မြန်မာနိုင်ငံ၏ အကြီးလေးဆုံး နိုင်ငံတကာ ရာဇဝတ်မှုကျူးလွန်သူများကို တရားစီရင်နိုင်မှု ဖြစ်လာစေရန် လိုအပ်သော သက်သေအထောက်အထားများ စုဆောင်းသည့်ယန္တရား၏ ရည်မှန်းချက်တွင် ကျွန်ုပ်တို့အဖွဲ့သားအားလုံး တစိုက်မတ်မတ် ဆောင်ရွက်နေပါသည်။

ဩဂုတ်လတွင်ထုတ်ပြန်ခဲ့သော ယန္တရား၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာ တွင် တင်ပြ ထားသော ပဏာမတွေ့ရှိချက်၌ မြန်မာနိုင်ငံတွင် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုများရှိနေကြောင်း ညွှန်ပြသည်။ ကလေးသူငယ်များအပါအဝင် အရပ်သားများအား ခွဲခြားခြင်း မရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်အဖွဲ့များမှ သိမ်းကျုံး တိုက်ခိုက်မှုများနှင့် ကျူးလွန်သည့် ဆိုးရွား ပြင်းထန်လှသော ရာဇဝတ်မှုဆိုင်ရာ အစီရင်ခံစာများကို ကျွန်ုပ်တို့ပုံမှန်ရရှိနေသည်။ ဤရာဇဝတ်မှုများတွင် အမျိုးသားနှင့်အမျိုးသမီးများအပေါ် နှိပ်စက်ညှဥ်းပန်းမှု၊ မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများပါဝင်သည်။

ယန္တရားသည် အာဏာသိမ်းပြီးနောက်ပိုင်း ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများကို အထူးအားစိုက် စုဆောင်းနေသလို၊ တစ်ဖက်တွင်လည်း အထူးသဖြင့် ၂၀၁၇ ခုနှစ် ရှင်းလင်းစစ်ဆင် ရေးများနှင့် ပတ်သက်သည့် ရိုဟင်ဂျာများအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ဆက်လက် အာရုံစိုက်လျှက်ရှိသည်။ ဩဂုတ်လသည် ရိုဟင်ဂျာတစ်သန်းအနက်မှ လေးပုံသုံးပုံခန့် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည့် အကြမ်းဖက်လှိုင်းရိုက်ခတ်မှု ငါးနှစ်ပြည့် အထိမ်းအမှတ်လ ဖြစ်သည်။ မကြာသေးမီက ရွှေ့ပြောင်းဒုက္ခသည် အများစုနေထိုင်ရာ ကော့စ်ဘဇားသို့ သွားရောက်ရာတွင် ကျွန်တော်နှင့် တွေ့ဆုံသော ရိုဟင်ဂျာများက ၎င်းတို့ မြန်မာနိုင်ငံနေရပ်ပြန်နိုင်ရေးအတွက် ယန္တရားအနေဖြင့် မည်သို့ ကူညီပေးနိုင်မလဲ ဆိုသည်ကို တသမတ်တည်းမေးကြသည်။ ကျွန်တော်သူတို့ကို ရှင်းပြခဲ့သည်မှာ၊ ယန္တရားအနေဖြင့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသူတွေကို တရားစီရင်နိုင်အောင် ကူညီခြင်းအားဖြင့်၊ ရိုဟင်ဂျာများ ဘေးကင်းစွာ မိမိဆန္ဒအလျောက် နေရပ်ပြန်နိုင်မည့် အခြေအနေဖန်တီးရေးကို အထောက်အကူဖြစ်စေမည်ဆိုသည်ကို မျှော်လင့်ထားသည်။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၏ လုပ်ဆောင်ဆဲ စုံစမ်းစစ်ဆေးမှုများ၊ အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဂမ်ဘီယာနှင့် မြန်မာအမှု တရားစီရင်မှုများတွင် အနီးကပ်ပူးပေါင်းပြီး သက်သေအထောက်အထားများ အချိန်ကိုက်မျှဝေခြင်း အပါအဝင်၊ ရာဇဝတ်မှုတွင် တာဝန်ရှိသူများ၏ အထောက်အထားများ စုဆောင်းခြင်းနှင့် တရားစီရင်ရေးရာ အထောက်အကူပြုခြင်းတွင် ကျွန်တော်တို့ တစိုက်မတ်မတ် လုပ်ဆောင်နေသည်။

မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ အရေးကြီးသည့် ကိုယ်တွေ့အချက်အလက်များ ကို ပေးအပ်ခဲ့ကြသည့် ရဲရင့်သော ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ နယ်မြေများအတွင်း လူတွေ့စစ်ဆေးမှု များ ပြုလုပ်ရန်နှင့် အင်တာဗျူးများပြုလုပ်ရန် ပံ့ပိုးပေးခဲ့ကြသော အဖွဲ့ဝင်နိုင်ငံများကို ကျေးဇူးတင်ပါသည်။ သက်သေများ၏ ဆန္ဒအလျောက် ပြုလုပ်သည့်လူချင်းတွေ့ဆုံမေးမြန်းမှုများသည်ကား ရာဇဝတ်မှုဆိုင်ရာ တရားစွဲ ဆိုမှုများတွင် ထိရောက်စွာ အသုံးပြုနိုင်မည့် အမှုဖိုင်များတည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ယန္တရားသည် သက်သေများ၏ဘေးကင်းရေးနှင့် လုံခြုံရေးကို ဦးစားပေးသည့်အလျောက်စိတ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် ဆေးဘက်ဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီပေးနိုင်သော မိတ်ဖက်အဖွဲ့များနှင့် ချိတ်ဆက်ပေးရန် ကြိုးပမ်းလျက်ရှိသည်။ သက်သေများ ဘေးကင်းပြီး စိတ်ပိုင်းဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာ ပံ့ပိုးကူညီမှုများ အသေအချာရရှိရန်အလို့ငှာ တာဝန်ခံမှုကြိုးပမ်းမှုကို ထောက်ခံသည့် အဖွဲ့ဝင်နိုင်ငံ အားလုံးအား ကျရာကဏ္ဍမှ တာဝန်ယူဆောင်ရွက်ပေးကြရန်လည်း ကျွန်ုပ်တို့ တောင်းဆိုအပ်ပါသည်။

မြန်မာနိုင်ငံရှိ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသူများသည် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နိုင်သည်ဟု ဆယ်စုနှစ်များစွာ ယုံကြည်ခဲ့ကြသည်။ ယန္တရားသည် ဤအစဥ်အလာကိုဖျက်ပြစ်ရန် သန္နိဋ္ဌာန်ချထားပြီး ဤနိုင်ငံ၏ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို တစ်နေ့တစ်ချိန် တရားစီရင်နိုင်စေရန် ကျွန်ုပ်တို့ အာရုံစိုက် ကြိုးပမ်းနေပါသည်။

**-Nicholas Koumjian**

# အဖွဲ့အစည်းဆိုင်ရာ နောက်ဆုံးသတင်း

ယန္တရားသည် မြန်မာနိုင်ငံ၏ ပျက်စီးယိုယွင်းနေသော အခြေအနေများကို အနီးကပ်စောင့်ကြည့်နေသည်သာမက အာဏာသိမ်းပြီးနောက်ပိုင်း အရှိန်တိုး ဖြစ်ပွားနေသည့် ဖြစ်ရပ်များအပြင် စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များ ကြား ပြင်းထန်လာသည့် တိုက်ပွဲများအပါအဝင် နိုင်ငံတကာဥပဒေချိုးဖောက်မှု ဆိုင်ရာ အထောက်အထားများ စုဆောင်းခြင်း ထိန်းသိမ်းခြင်းစသည့် အခွင့်အလမ်းများကိုယူထားလျက်ရှိသည်။ အထူးသဖြင့် ရခိုင်ပြည်နယ် အတွင်း ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရှင်းလင်းစစ်ဆင်ရေးများ နှင့် စပ်လျဉ်း၍ အစောပိုင်း မှုခင်းများကို လဲ စုံစမ်း စစ်ဆေးမှုများနှင့် စိစစ် သုံးသပ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ လိင်နှင့် ကျား/မ အခြေပြု ရာဇဝတ်မှုများနှင့် ကလေးများအပေါ်ထိခိုက်သည့် ရာဇဝတ်မှုများ ကို စုံစမ်းစစ်ဆေးနိုင်ရန်အလို့ငှာ အထူးအား ထုတ်မှုနှင့် အရင်းအမြစ်များ ကို လဲ အစီအမံချထားပြီးဖြစ်သည်။

ယနေ့အထိ ယန္တရားသည် ရင်းမြစ်ပေါင်း(၂၀၀)ကျော်မှ အချက်အလက်နှင့် အထောက်အထား သန်းပေါင်းများစွာကို ပုံစံအမျိုးမျိုးဖြင့် စုဆောင်း ထားသည်။ စုဆောင်းထားသော အကြောင်းအရာများတွင် အင်တာဗျူး ထွက်ချက်များ၊ စာရွက်စာတမ်းများ၊ ဗီဒီယိုများ၊ ဓာတ်ပုံများ၊ ဂြိုလ်တုပုံရိပ် များနှင့် ဆိုရှယ်မီဒီယာ မှတ်တမ်းများပါဝင်သည်။ ၎င်းတို့ထဲတွင် မြန်မာဘာသာစကားဖြင့် ပစ္စည်းပေါင်း ကိုးသန်းကျော်၊ စာမျက်နှာအားဖြင့် ၂၂ သန်းခန့်မျှ ရှိပါသည်။

**ကျွန်ုပ်တို့ အလုပ်နှင့်ဆိုင်သည့် ကိန်းဂဏန်း**

ရင်းမြစ်

**၂၀၀**

ကျော်မှ အချက်အလက်နှင့်
အထောက်အထား
စုစုပေါင်း

**သန်း ၂၀**

ခန့်မျှ စုဆောင်း သိမ်းဆည်းထား
တရားစီရင်ရေး အာဏာပိုင်များနှင့် မျှဝေ
ရန် အထောက်အထားနှင့်
လေ့လာဆန်းစစ်မှု ဖိုင်တွဲပေါင်း

**၉၁**

ခုကျော်ပါရှိ

## မျက်မြင်သေသေများနှင့် တွေ့ဆုံမေးမြန်းမှုများ

COVID-19 ကန့်သတ်မှုများလျော့ကျလာသည်နှင့်အမျှ၊ ယန္တရားအဖွဲ့ များသည် ဘင်္ဂလားဒေ့ရှ်နှင့် အခြားနိုင်ငံများ တွင် သက်သေခံ အထောက်အထားများ စုဆောင်းခြင်း၊ လူချင်းတွေ့ အင်တာဗျူးခြင်းနှင့် စစ်ဆေးခြင်းများကို နှစ်ဆတိုး လုပ်ဆောင်ခဲ့သည်။ ခရီးသွားလာမှုတိုးလာသဖြင့်ယန္တရား၏ အကန့်အသတ်ရှိနေသော ဘတ်ဂျက်တွင် ပိုမိုလိုအပ်မှုရှိလာသော်လည်း၊ လူတွေ့အင်တာဗျူးများသည် သက်သေများ ပွင့်လင်းစွာပြောဆိုနိုင်ပြီး ယန္တရားဝန်ထမ်းများကလဲ လုပ်ငန်းစဉ်မှန်ကန်မှုနှင့် လျှို့ဝှက်မှု အသေအချာဆောင်ရွက်နိုင်သည့် အကောင်းဆုံး အခြေအနေများကို ဖန်တီးပေးသည်။ ယင်းပြင် လူချင်းတွေ့ အင်တာဗျူးမှုရလာသော လက်မှတ်ရေးထိုးထားသည့် သက်သေထွက်ဆိုချက်များမှာ မည်သည့်တရားရုံး သို့မဟုတ် ခုံရုံးတွင်မဆို လက်ခံနိုင်ခြေအရှိဆုံးဖြစ်ပြီး သက်သေပြနိုင်သောအထောက်အထားအဖြစ် ယူဆရသည်။ သတင်းအချက်အလက်ပေးသူများအား အကာအကွယ်ပေးခြင်းနှင့် ပံ့ပိုးပေးခြင်းသည် အလွန်အရေးကြီးပါသည်။ သို့ဖြစ်၍ ယန္တရားသည် အဖွဲ့ဝင် နိုင်ငံများနှင့် မိတ်ဖတ်အဖွဲ့များ၏ အကူအညီရယူပြီး သက်သေအား အကာအကွယ်ပေးမှုနှင့် ပံ့ပိုးမှုများ လွှမ်းခြုံ ပါဝင်သောအစီအမံများကို ချမှတ်ထားသည်။

## အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းကူညီမှု

ယန္တရားသည် သက်ဆိုင်ရာသတင်းအချက်အလက်များပိုင်ဆိုင်နိုင်သည့် သို့မဟုတ် ပံ့ပိုးမှုပေးနိုင်မည့် အနေအထား ရှိနေသောနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်လက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ ယန္တရားသည် အာရှပစိဖိတ်ဒေသအတွင်း ဖြစ်နိုင်ခြေရှိသောသက်သေများကို အင်တာဗျူးခြင်း၊ ထိတွေ့ဆက်ဆံ ခြင်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ၎င်းဒေသရှိ နိုင်ငံများနှင့် ပူးပေါင်းမှု အားကောင်းလာအောင် အထူးကြိုးပမ်း လျက်ရှိသည်။ ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းမှုနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမိုလေးနက်လာစေရန်၊ မေလတွင် ယန္တရားအကြီးအကဲသည် အဖွဲ့ဝင်များနှင့်အတူ ဘင်္ဂလားဒေ့ရှ် အစိုးရကိုယ်စားလှယ်များကို ဒက္ကာနှင့် ကော့ဘဇားတွင် တွေ့ဆုံခဲ့ပြီး ယန္တရားနှင့်ဘင်္ဂလားဒေ့ရှ်တို့၏ လက်ရှိပူးပေါင်းဆောင်ရွက်ဆဲ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ရိုဟင်ဂျာလူထု နှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ နှင့်လည်းတွေ့ဆုံခဲ့သည်။ ဤသို့ ရိုဟင်ဂျာများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေးလုပ်ငန်းတွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုပေးသော ဘင်္ဂလားဒေ့ရှ် အစိုးရအား ယန္တရားမှ ကျေးဇူးတင်ရှိပါသည်။


51st session of HRC
© UN/Pierre Albouy

## လူ့အခွင့်အရေးကောင်စီ

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (HRC) သို့ တင်သွင်းသည့် စတုတ္ထနှစ်ပတ်လည် အစီရင်ခံစာတွင် ယန္တရားသည် ၎င်း၏တိုးတက်မှုနှင့် အဓိကစိန်ခေါ်မှုအချို့ကို ဖော်ပြခဲ့သည်။ စက်တင်ဘာလတွင် ကျင်းပသော HRC ၏ (၅၁)ကြိမ်မြောက် အစည်းအဝေးသို့ အစီရင်ခံစာတင်ပြပြီးနောက် တုံ့ပြန်ဆွေးနွေးမှု တွင်၊ အဖွဲ့ဝင်နိုင်ငံများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ၊ ကျား၊မ အခြေပြု ကျူးလွန်သော ရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သောရာဇဝတ်မှု များကို စုံစမ်းစစ်ဆေးမှု အားထုတ်ဆောင်ရွက်နေသော ယန္တရားအား ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

## ကျွန်ုပ်တို့အဖွဲ့

လက်ရှိ ဝန်ထမ်း

**၇၈**

ယောက်ခန့်ထား

ဂျီနီဗာမှာ အခြေစိုက်သည့်ဝန်ထမ်း

**၆၅**

ယောက်

## ဝန်ထမ်းခန့်ထားမှု

ယခု စတုတ္ထနှစ်မြောက် စတင်ရာတွင်၊ ယန္တရား၏လုပ်ငန်းများ အပြည့်အဝ လည်ပတ်နေပြီဖြစ်သည်။ ယန္တရားတွင် ဝန်ထမ်းအဆင့်တိုင်း အပြည့်နီးပါး [ယန္တရားသည်ဝန်ထမ်း၇၈ဦးခန့်ထားပြီး၊၆၅ဦးသည်ဂျီနီဗာတွင်အခြေစိုက် သည်။] ရှိပြီး၊ အင်တာနက်ရင်းမြစ်နှင့် ငွေကြေးဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်း နှင့် စိစစ်သုံးသပ်ခြင်း၊ လိင်နှင့် ကျား၊မအခြေပြု ရာဇဝတ်မှု နှင့် ကလေးများအပေါ် ထိခိုက်သော ရာဇဝတ်မှုများ စုံစမ်းခြင်း တို့ အပါအဝင် မှုခင်းစုံစမ်းခြင်းနှင့် တရားစွဲဆိုခြင်းများ အစရှိသည်တို့အား အထူးပြုကျွမ်းကျင်သည့် ဝန်ထမ်းများ ခန့်ထားလျက်ရှိသည်။ နည်းပညာ အသုံး ပြုဘာသာပြန်ခြင်းအပါအဝင်၊ ဘာသာစကား စွမ်းဆောင်ရည် မြှင့် တင်ခြင်းသည် ရှေ့ဆက်လုပ်မည့် အဓိကဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် တည်ရှိနေဆဲ ဖြစ်ပါသည်။

## ဘဏ္ဍာရေး

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အထွေထွေညီလာခံမှ အတည်ပြုခဲ့သော ယန္တရား၏ပုံမှန်ဘတ်ဂျက်အပြင်၊ယန္တရားသည် သီးခြား စီမံကိန်းများနှင့် အထူးပြုကျွမ်းကျင်မှု လုပ်ငန်းများအတွက် အလှူရှင်များနှင့် အခြားအဖွဲ့အစည်းများထံမှ စေတနာအလျောက် ပံ့ပိုးမှုများကိုလည်း ရရှိပါသည်။ ယန္တရားသည် ၂၀၁၉ ခုနှစ်ကတည်းက ပံ့ပိုးပေးခဲ့သော Justice Rapid Response နှင့် ယန္တရား၏စုံစမ်းစစ်ဆေးမှုစွမ်းရည်များ မြှင့်တင်ရန် စေတနာအလျောက် အလှူငွေထည့်ဝင်သော ဩစတြေးလျ၊ ကနေဒါ၊ ဆွစ်ဇာလန်၊ ဗြိတိန်၊ အမေရိကန်နှင့် အခြား နိုင်ငံများကို ကျေးဇူးတင်ပါသည်။

# ကမ်းလှမ်းဆက်သွယ်ခြင်း

ထိခိုက်နစ်နာသူများ၊ မျက်မြင်သက်သေများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာ နိုင်ငံ ပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရှိရေး တစိုက်မတ်မတ်လုပ်ဆောင်နေသူများ၏ ပံ့ပိုးမှုနှင့် ယုံကြည်မှုဖြင့်သာ ယန္တရား၏လုပ်ပိုင်ခွင့် (mandate) များ အောင်မြင်နိုင်သည်။ ယန္တရား၏ လုပ်ငန်းနှင့် လုပ်ပိုင်ခွင့် အတွက် အထောက်အပံ့များ သတိပြုမိစေရန် လျှို့ဝှက်ဆက်သွယ်နည်းဖြင့်တစ်မျိုး အများပြည်သူ သိရှိနိုင်သောနည်းများဖြင့်တဖွယ် ဆက်သွယ်ခြင်း နည်းအမျိုးမျိုး ကအသုံးပြုလျက်ရှိသည်။ မကြာသေးမီက လူထုထံကမ်းလှမ်းဆက်သွယ်ရန် ကြိုးပမ်းမှုတွင်ပါဝင်သောအဓိကအချက်အချို့ မှာ -

## ရိုဟင်ဂျာများနှင့် ထိတွေ့ဆက်ဆံမှု

မေလအတွင်း သွားရောက်ခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရီးစဉ် တွင်၊ ယန္တရားအကြီးအကဲ Nicholas Koumjian နှင့် အဖွဲ့ဝင်များသည် ရိုဟင်ဂျာ ကိုယ်စားလှယ် (၁၅၀) ကျော်နှင့် အပြန်အလှန် ဆွေးနွေးမှု ခြောက်ကြိမ် ပြုလုပ်ခဲ့ပြီး ယန္တရား၏ လုပ်ပိုင်ခွင့် (Mandate) နှင့် လုပ်ငန်းအကြောင်း အသိပညာပေးခဲ့သည်။

ဩဂုတ်လ ၂၅ ရက်နေ့ထုတ် Mr. Koumjian ၏ ကြေငြာချက်တွင်၊ လွန်ခဲ့သော(၅)နှစ်က အကြမ်းဖက်မှုများ ဖြစ်ပြီးနောက်၊ မြန်မာနိုင်ငံမှ အင်အားသုံးဖယ်ရှားခံရသော ရိုဟင်ဂျာများ၏ ဆက်လက်ခံစားနေရသော ဆင်းရဲဒုက္ခများကို အသိအမှတ်ပြုထားပြီး၊ တရားမျှတမှုအတွက် ဆက်လက်တိုက်ပွဲဝင်ရာတွင် ယန္တရား၏ အခန်းကဏ္ဍကို အလေးပေးဖော်ပြထားပါသည်။


Cox's Bazar © UN Photo/K. M. Asad

ငါးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် Mr. Koumjian သည် Victim Advocates International မှ ကျောဘာ ဇားတွင် ထုတ်လွှင့်သည့် အွန်လိုင်းအစီအစဉ် မှတဆင့် ရိုဟင်ဂျာများမှမေးသော ယန္တရား၏လုပ်ငန်းနှင့် နိုင်ငံတကာ တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်များ အကြောင်းကို ဖြေကြားခဲ့သည်။ UN News က တွေ့ဆုံမေးမြန်းခဲ့ရာတွင် "သူတို့ရဲ့ ဘဝတွေရော၊ မြန်မာပြည်ရော ပြန်လည်တည်ဆောက်ဖို့အတွက်၊ ဘေးကင်းရန်ကင်း ဂုဏ်သိက္ခာရှိရှိ မိမိဆန္ဒ အလျောက် အိမ်ပြန်လာနိုင်ဖို့ အခြေအနေတွေ ဖန်တီးပေးဖို့ လိုအပ်ပါတယ်။" ဟု ၎င်းက ပြောကြား ခဲ့သည်။


© UN/Pierre Albouy

## မီဒီယာတွင် ဖော်ပြမှု

ဧပြီလကတည်းက ယန္တရားသည် ၁၅၀ ထက်မက သော မီဒီယာအကြောင်းအရာ များတွင် ဖော်ပြခြင်းခံခဲ့ရသည်။ အထူးသဖြင့် ယန္တရား၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည့် ပဏာမတွေ့ရှိချက်များနှင့် HRC သို့ တင်သွင်းသည့် Mr. Koumjian ၏ စာတမ်း သည်BBC Newshour နှင့် အင်တာဗျူးခြင်း အပါအဝင်များစွာသော မီဒီယာသတင်းဖော်ပြမှုကို ရခဲ့သည်။ ထိုအင်တာဗျူးတွင် ယန္တရား အကြီးအကဲက "အာဏာသိမ်းမှုကို ဆန့်ကျင်သူများအပေါ် စစ်အာဏာရှင်၏ အတားအဆီးမဲ့ အကြမ်းဖက်မှု" တွေ့ရှိချက်များ ကိုဖော်ပြခဲ့သည်။

## ပါဝင်ခဲ့သော အခမ်းအနားများ

ယန္တရားအကြီးအကဲနှင့်အဖွဲ့သည် ယန္တရား၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းစဉ်တို့အား အာရုံစိုက်မှု ရရှိလာအောင် အလားတူကိစ္စရပ်များ လုပ်ဆောင်နေသော အခြားသူများနှင့် အကြံဉာဏ်များမျှဝေရန် အများ ပြည်သူ တက်ရောက်သည့် အခမ်းအနား သို့မဟုတ် လျှို့ဝှက်ပြုလုပ်သည့် အခမ်းအနားများသို့ ပုံမှန် တက်ရောက်လျက်ရှိသည်။

- အစုလိုက် အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ခံမှုဆိုင်ရာ အစီရင်ခံစာ ထုတ်ပြန်ခြင်း အခမ်းအနား၊
- မြန်မာနိုင်ငံအကျပ်အတည်းသို့ ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်မှုအပေါ် နိုင်ငံတကာ ပါလီမန်များ၏ စုံစမ်းမှု အခမ်းအနား၊
- HRC မှ နောက်ဆက်တွဲ ကျင်းပသည့် နိုင်ငံတကာ ရှေ့နေများ အသင်း၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး ဆွေးနွေးပွဲ

# မြန်မာနိုင်ငံမှ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ပတ်သက်၍ လက်ရှိ တရားစွဲဆိုမှုများ၏ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုများ

## အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) – ဂမ်ဘီယာ နှင့် မြန်မာအမှု

၂၀၁၉ ခုနှစ်တွင် ဂမ်ဘီယာနိုင်ငံသည် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံ (၅၇) နိုင်ငံ၏ ထောက်ခံမှုဖြင့် ICJ တွင် တရားစွဲဆိုမှု တင်သွင်းခဲ့သည်။ ထိုအမှုတွင် မြန်မာနိုင်ငံသည် ရိုဟင်ဂျာများ အပေါ် လူမျိုးတုံးသတ်ဖြတ် ဆောင်ရွက်မှုများကို တားဆီးအရေးယူရမည့် လူမျိုးတုံးလုပ်ဆောင်မှု စာချုပ်ပါ အတိုင်းလုပ်ဆောင်ရမည့် တာဝန်ဝတ္တရား ပျက်ကွက်ခဲ့သည်ဟု စွဲချက်တင်ခဲ့သည်။ ၂၀၂၂ ဇူလိုင်လ (၂၂) ရက်နေ့ ဂမ်ဘီယာ၏ လျှောက်လဲချက် အပေါ် မြန်မာ၏ ပဏာမ ငြင်းဆိုချက်အားလုံးကို ICJ မှ ပယ်ချခဲ့သည်။ လူမျိုးတုံး သတ်ဖြတ်မှုဆိုင်ရာ စာချုပ်၏ အဓိကရည်ရွယ်ချက်မှာ လူမျိုးတုံး သတ်ဖြတ်မှု တားဆီးရေး၊ နှိမ်နင်းရေးနှင့် ပြစ်ဒဏ် ပေးရေးတို့ကို သေချာစေရန် လက်မှတ်ရေးထိုးသူ အားလုံး၏ "ဘုံအကျိုးစီးပွား" ဖြစ်ကြောင်း ICJ မှ မှတ်ချက်ပြုခဲ့သည်။ ဤ "ဘုံအကျိုးစီးပွား" ကို ထောက်ထား၍ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာစာချုပ် ကို လက်မှတ်ရေးထိုးထားသည့် ဂမ်ဘီယာသည် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စာချုပ်ကို လက်မှတ် ရေးထိုး ထားသည့် အခြားနိုင်ငံအား တရားစွဲဆိုပိုင် ခွင့်ရှိသည်။

ICJ သည် အမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ နှစ်ဖက်ကြားနာမှုများဆောင်ရွက်ရန် စဉ်းစားမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလ (၂၄) ရက်နေ့ နောက်ဆုံးထားပြီး ထွက်ချက်အကျဉ်း တင်သွင်းရန် မြန်မာနိုင်ငံကို ညွှန်ကြားထား သည်။

## အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) – ဘင်္ဂလားဒေ့ရှ်/မြန်မာနိုင်ငံတို့၏ အခြေအနေ

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင်၊ မြန်မာနိုင်ငံမှ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နယ်စပ်ဖြတ်ကျော် အင်အားသုံး နှင်ထုတ်ခြင်းနှင့် ပတ်သက်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် ICC မှ တရားစွဲခွင့် အခွင့်အာဏာ ရရှိခဲ့ပါသည်။ ယန္တရားသည် တရားစွဲအဖွဲ့ရုံးနှင့် ပူးပေါင်းဆောင်ရွက်ပြီး အထောက်အထားများ မျှဝေလျှက်ရှိသည်။




© UN Photo/ICJ-CIJ/Wiebe Kiestra. Courtesy of the ICJ

## အာဂျင်တီးနားတရားရုံးတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို လျှောက်ထားခြင်း

၂၀၂၁ ခုနှစ်နှောင်းပိုင်းတွင်၊ တရားသူကြီး María Romilda Servini လက်အောက်ရှိ အာဂျင်တီးနား ပြည်ထောင်စု ရာဇဝတ်တရားရုံးအမှတ် (၁) သည် ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သော လူမျိုးတုံး သတ်ဖြတ်မှုနှင့် လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဆိုင်ရာစွဲချက်များအတွက် စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် စည်းမျဉ်းအရ၊ စုံစမ်းစစ်ဆေးမှုတစ်ခုဖွင့်လှစ်ရန် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အာဂျင်တီးနားတရားရုံးများသို့ လျှောက်ထားချက် တင်သွင်း၍ ဤစုံစမ်းမှု ကို စတင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ဧပြီလတွင်၊ ယန္တရားအကြီးအကဲနှင့် ၎င်း၏အဖွဲ့သားများသည် တရားစီရင်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုအတွက် ဖြစ်နိုင်ချေရှိသော ထောက်ပံ့မှုများကို ဆွေးနွေးရန် အာဂျင်တီးနားသို့ သွားရောက်ကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မျှဝေခြင်းအတွက် ဖြစ်နိုင်ခြေနည်းလမ်းများကို လေ့လာခဲ့ကြသည်။



# မကြာခဏမေးလေ့ရှိသော မေးခွန်းများ

## ဇူလိုင်လတွင် စစ်အစိုးရက ချမှတ်ခဲ့သော သေဒဏ်များသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု မြောက်ပါသလား။

သေဒဏ်အပြစ်ပေးခြင်းသက်သက်သည် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု မဟုတ်သော်လည်း၊ တရားမျှတသော တရားစီရင်မှု၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း မပြုဘဲ သေဒဏ်ချမှတ် ခြင်းသည် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှု ဖြစ်နိုင်သည်။ ဇူလိုင်လအတွင်း လူလေးဦးအား ကွပ်မျက်ခြင်းသည်ကား တရားမျှတသော တရားစီရင်မှုလုပ်ငန်းအတိုင်း ဆောင်ရွက်မှုမရှိကြောင်း ခိုင်မာသော ညွှန်ပြချက်များဖြစ်သည်။ ဤတရားစီရင်မှုသည် ပွင့်လင်းမြင်သာမှု ကင်းမဲ့ပြီး စွဲချက်များ၊ သက်သေများနှင့် ပတ်သက်၍ သတင်းအချက်အလက် မရရှိနိုင်လောက်အောင် နည်းပါးသည်။

လျှို့ဝှက်စွာ တရားစီရင်ခြင်းသည် တရားမျှတသော တရားစီရင်မှု၏ အခြေခံအကျဆုံးမှုများကို ချိုးဖောက်ခြင်း ဖြစ်ပြီး၊ အခြားတရားမျှတသောတရားစီရင်မှုဆိုင်ရာ အာမခံချက်များကို လေးစားလိုက်နာခြင်း ရှိ၊မရှိ အပေါ်တွင်လည်း သံသယဖြစ်စေသည်။ ဥပမာ အားဖြင့်ခုံရုံးမှ ဘက်လိုက်မှုကင်းခြင်းနှင့် အမှီအခိုကင်းခြင်း လိုအပ်ချက်များ လိုက်နာမှုအပေါ် သံသယဖြစ်စေသည်။

ယန္တရားသည်အခြေခံတရားမျှတသော တရားစီရင်မှုအာမခံချက်များကို ဖောက်ဖျက်ကျူးလွန်ဖွယ်ရှိသည့် အခြေအနေများတွင် သေဒဏ်ချမှတ်ခြင်းဆိုင်ရာ အမှုအခင်းများနှင့် သက်ဆိုင်သည့် အထောက်အထားများကို ဆက်လက်စောင့်ကြည့် စုဆောင်းသွားမည်ဖြစ်သည်။

## သတင်းပေးဟု သံသယရှိခံရသူများကို လုပ်ကြံသတ်ဖြတ်ခြင်းသည် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှု ဟုတ်ပါသလား။

မြန်မာနိုင်ငံရှိ အရပ်သားများသည် “ဒလန်” (သတင်းပေးသူ သို့မဟုတ်ပူးပေါင်းသူ) ဟု သံသယရှိခြင်းကြောင့် လုပ်ကြံသတ်ဖြတ်ခြင်းခံနေရသည်ဟု အစီရင်ခံစာအများအပြားက ဖော်ပြသည်။ ကျူးလွန်သူများသည် ထိုသို့သောသတ်ဖြတ်မှုသည် တရားမျှတပြီး ဥပဒေနှင့်ညီသည်ဟု တခါတရံ မှားယွင်းစွာ ပြောဆို ကြသည်။

လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နိုင်ငံတကာဥပဒေတွင် အရပ်သားများ (လက်နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် လက်နက်ကိုင်အုပ်စု အဖွဲ့ဝင်မဟုတ်သူ) သည်ရန်လိုမှုများတွင် တိုက်ရိုက်ပါဝင်ပက်သက်သည့် သီးသန့်လုပ်ရပ်တစ်ခု လုပ်ဆောင်နေချိန်မှအပ၊ ပစ်မှတ်ထား မတိုက်ခိုက်နိုင်ကြောင်း ဖော်ပြထားသည်။

အခြားတစ်ဖွဲ့မှ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များ ရယူခြင်း သို့မဟုတ် ပေးပို့ခြင်းသည် အချို့သော အခြေအနေများတွင် တိုက်ရိုက်ပါဝင်ခြင်း ဖြစ်နိုင်သော်လည်း၊ လူတစ်ဦးကို အဆိုပါသီးသန့် လုပ်ရပ်တွင် ပါဝင်နေချိန်တွင်သာ ပစ်မှတ်ထား တိုက်ခိုက်နိုင်သည်။ အရပ်သားများအား ၎င်းတို့၏ အတိတ်က တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုများအတွက် ပြစ်ဒဏ်ပေးခြင်း မလုပ်ရသလို၊ အနာဂတ်တွင် မလုပ်ရန် တားဆီးသည့် အနေဖြင့် အပြစ်ပေးခြင်း မလုပ်နိုင်ပါ။ ထို့အပြင်၊ သံသယရှိယုံနှင့်လည်း မလုံလောက်ပါ။ လူတစ်ဦးသည် ရန်လိုမှုများတွင် တိုက်ရိုက် ပါဝင်ခြင်း ရှိ၊ မရှိနှင့်ပတ်သက်ပြီး သေချာမသိပါက၊ အရပ်သားဘက်ကိုသာ အနိုင်ပေး ဖြေရှင်းရမည်ဖြစ်သည်။ ရန်လိုတိုက်ခိုက်မှုတွင် ပါဝင်သည့်အတွက် ဖမ်းဆီးထိန်းသိမ်းခံထားရသူ မည်သူ့ကိုမဆို ချက်ချင်း ကွပ်မျက်ခြင်း မပြုရပါ။


မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား

iimm@un.org

https://iimm.un.org/

fb.com/MyanmarMechanism/